## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၀)

၁၃၅၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်

(၁၉၉၀ ပြည့်နှစ်နှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

### အခန်း (၁)
### အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ၁၉၉၀-၉၁ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ငွေလည်း ပါဝင်သည်၊

(ခ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့်သူကို ဆိုသည်၊ ယင်းစကားရပ်တွင် အစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များ စုပေါင်းထားသည့် အဖွဲ့အစည်း သို့မဟုတ် အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများလည်း ပါဝင်သည်၊

(ဂ) **ကုန်စည်** ဆိုသည်မှာ ပြည်ပမှ တင်သွင်းသော ပစ္စည်း သို့မဟုတ် ရောင်းချရန် အလို့ငှာ ပြည်တွင်း၌ ထုတ်လုပ်သည့် ပစ္စည်းကို ဆိုသည်၊

(ဃ) **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အစိုးရက ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းလည်း ပါဝင်သည်၊

(င) **ရောင်းရငွေ** ဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြား ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုသည်။ ကုန်စည်ချင်း လဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ ပြုလုပ်ရာတွင် သတ်မှတ်သည့် တန်းဖိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုတ်ပိုးသော ပစ္စည်းတန်ဖိုးလည်း ပါဝင်သည်၊

(စ) **ဝန်ဆောင်မှုရငွေ** ဆိုသည်မှာ ဝန်ဆောင်မှုကို ဆောင်ရွက်ရသည့်အတွက် ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုသည်၊

(ဆ) **ကုန်ထုတ်လုပ်သူ** ဆိုသည်မှာ ကုန်စည်ကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ဖြစ်စေ ထုတ်လုပ်၍ ရောင်းချသူကို ဆိုသည်၊

(ဇ) **ဝန်ဆောင်မှုဆောင်ရွက်သူ** ဆိုသည်မှာ ဝန်ဆောင်မှုကို အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်သူကို ဆိုသည်၊

(ဈ) ကုန်တင်သွင်းသူ ဆိုသည်မှာ ပြည်ပမှ ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် ပစ္စည်းတင်သွင်းသူကို ဆိုသည်၊

(ည) **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှ တင်သွင်းသော ပစ္စည်းအပေါ် အကောက်ခွန်ဥပဒေများအရ သတ်မှတ်သည့် တန်ဖိုး၊ ယင်းပစ္စည်းအပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်ကို ပေါင်းစပ်ရရှိသော ငွေကို ဆိုသည်၊

(ဋ) **ကြေညာလွှာ** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် အခွန်ထမ်းက မိမိ၏ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဖော်ပြသော ပုံစံကို ဆိုသည်၊

(ဌ) **ဇယား** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားများကို ဆိုသည်၊

(ဍ) **စည်းကြပ်** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန် သတ်မှတ်ခြင်းကို ဆိုသည်၊

(ဎ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်၊

(ဏ) **စည်းကြပ်နှစ်** ဆိုသည်မှာ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိသော နှစ် နှင့် တစ်ဆက်တည်းဖြစ်သော နောက်နှစ်ကို ဆိုသည်။

## အခန်း (၂)

## အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်း

၄။ (က) နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များအပေါ်တွင် ဇယား၌ ဖော်ပြ ထားသည့်အတိုင်း အခွန်ကျသင့်စေရမည်။

(ခ) နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ဝန်ဆောင်မှုများအပေါ်တွင် ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်၊

(ဂ) ပြည်ပမှ တင်သွင်းသည့် ကုန်စည်းများနှင့်ပတ်သက်၍ ဇယား၌ ဖော်ပြထား သည့်အတိုင်း အခွန်ကျသင့်စေရမည်။

၅။ ပုဒ်မ ၄ အရ ကျသင့်သော အခွန်ကို သက်ဆိုင်ရာ ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူ သို့မဟုတ် ကုန်တင်သွင်းသူက ပေးဆောင်ရန် တာဝန်ရှိသည်။

၆။ မည်သည့် နှစ်အတွက်မဆို နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့်၊ ဤ ဥပဒေ၏ နောက်ဆက်တွဲဇယားများကိုဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်သတ်မှတ် နိုင်သည်။

၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းတစ်ခုခုက ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စသက်သက်အတွက် ထုတ်လုပ်ရောင်းချသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင် အကျိုးမသက်ရောက်စေရ။

## အခန်း (၃)
## အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုခြင်း

၈။ အစိုးရသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -

(က) ကုန်စည်တစ်မျိုးမျိုးအတွက် ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်းတစ်ဦးဦးအတွက်ဖြစ်စေ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်၊

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏကို သတ်မှတ်နိုင်သည်၊

(ဂ) အသစ်ထူထောင်သော လုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ -

(၁) အသစ်တည်ဆောက်ရာတွင် တပ်ဆင်အသုံးပြုရန် ပြည်ပမှ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းများအပေါ်တွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(၂) ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အထိ နှစ်ကန့်သတ်ချက်ဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ဃ) နိုင်ငံတော်အတွင်း ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချသော ကုန်စည် တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

၉။ မည်သည့် ကုန်စည်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုကိုမဆို အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေလိုလျှင် ယင်းသို့ ကျသင့်စေရန် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

## အခန်း (၄)
## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခံယူလုပ်ကိုင်ခွင့်ရှိရမည်။ ထို့အပြင် မိမိဦးစီးဌာန ဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာ ပေးပို့ခြင်း

၁၁။ (က) မည်သူမဆို အခွန်ကျသင့်သော ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်လျှင် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးမှူးထံတွင် မှတ်ပုံတင်ရမည်၊

(ခ) မည်သူမဆို အခွန်ကျသင့်သော ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို စတင်လုပ်ကိုင်လျှင် ယင်းသို့ လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာကို စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ဂ) မည်သူ့အားမဆို ၎င်း၏ လုပ်ငန်းနှင့် စပ်လျဉ်း၍ စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာကို ပေးပို့ရန် မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားနိုင်သည်။

## အခန်း (၆)

## လစဉ်ကြေညာလွှာပေးပို့ခြင်းနှင့် အခွန်ပေးဆောင်ခြင်း

၁၂။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကြေညာလွှာကို သက်ဆိုင်ရာ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ ထို့အပြင် ယင်းကြေညာလွှာအရ ကျသင့်သည့် အခွန်ကို ဖော်ပြပါ တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်၊

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိသည်ဟု ယူဆရန် အကြောင်းရှိလျှင် လစဉ်ကြေညာလွှာပေးပို့ရန်နှင့် ကျသင့်အခွန်ပေးဆောင်စေရန် မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားနိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ပေးဆောင်သော ငွေသည် ပေးဆောင်အပ်သည့် အခွန်ထက် လျော့နည်းနေသည်ဟု ယူဆရန် အကြောင်းရှိလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးက ရရှိထားသော သတင်းအချက်အလက်များအပေါ် အခြေပြု၍ ထပ်မံပေးဆောင်ရန် ငွေကို ခန့်မှန်းတွက်ချက်တောင်းခံနိုင်သည်၊

(ဃ) ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) အရ ပေးဆောင်ခဲ့သော ငွေကို စည်းကြပ်မှုအရ ကျသင့်သည့် အခွန်မှ ခုနှိမ်ပေးရမည်၊

(င) ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ပမှ ပစ္စည်းတင်သွင်းသူက ပေးဆောင်ရမည့် အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်နှင့် တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးရမည်။

## အခန်း (၇)
## နှစ်ချုပ်ကြေညာလွှာပေးပို့ခြင်း

၁၃။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် ယင်းနှစ်အတွက် နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာ နှစ်ကုန်ဆုံးပြီး သုံးလအတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိသည်ဟု ယူဆရန် အကြောင်းရှိလျှင် နှစ်ချုပ် ကြေညာလွှာပေးပို့ရန် မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားနိုင် သည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ တင်သွင်းသည့် ကြေညာလွှာတွင် မှားယွင်းချက်၊ ကျန်ရှိချက်ရှိလျှင် စည်းကြပ်မှုမပြုလုပ်မီ ပြင်ဆင်ခွင့်ရှိသည်။

## အခန်း (၈)
## စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း

၁၄။ (က) ပုဒ်မ ၁၃ အရ ပေးပို့သော နှစ်ချုပ်ကြေညာလွှာသည် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေနှင့် စပ်လျဉ်း၍ မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်ခွန်ဦးစီးဌာန မှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန် စည်းကြပ်နိုင်သည်၊

(ခ) လိုအပ်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ထမ်းအား စာရင်းအထောက် အထားများ တင်ပြစေခြင်း၊ ခေါ်ယူစစ်ဆေးခြင်းတို့ကို ပြုလုပ်ပြီးနောက် ယင်းစာရင်းအထောက်အထားများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ

ကို မှန်ကန်စွာ ရရှိနိုင်လျှင် ယင်းစာရင်းအထောက်အထားများကို အခြေပြု၍ အခွန်စည်းကြပ်နိုင်သည်၊

(ဂ) အခွန်ထမ်းတင်ပြသော စာရင်းအထောက်အထားများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို မှန်ကန်စွာ မရရှိနိုင်လျှင်ဖြစ်စေ၊ အခွန်ထမ်းမှ နှစ်ချုပ်ကြေညာလွှာပေးပို့ရန်၊ စာရင်းအထောက်အထားတင်ပြရန် သို့မဟုတ် လာရောက်အစစ်ဆေးခံရန် ပျက်ကွက်လျှင်ဖြစ်စေ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အခွန်ကို ခန့်မှန်းစည်းကြပ်နိုင်သည်။ အခွန်မစည်းကြပ်မီ မည်သူ့အားမဆို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သည့် သတင်းအချက်အလက်များ တောင်းယူခြင်းကို ပြုလုပ်နိုင်သည်။

၁၅။ အောက်ပါတို့အား သက်ဆိုင်ရာ ဘဏ္ဍာနှစ်ကုန်ဆုံးပြီးသည့်အချိန်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ နှစ်အတွင်း အခွန်စည်းကြပ်ကောက်ခံနိုင်ရန် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည် -

(က) ပြည်ပသို့ အပြီးအပိုင်ထွက်ခွာသွားမည့်သူ၊

(ခ) လုပ်ငန်းရပ်စဲသူ၊

(ဂ) ဖျော်ဖြေမှုကျင်းပသူ၊

(ဃ) လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ပေးဆောင်သူ။

၁၆။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်အပ်သည့် ငွေထက် ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အပ်ရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့် နေ့ရက်မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

# အခန်း (၉)

# စည်းကြပ်ခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း

၁၇။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့်စပ်လျဉ်း၍ အခွန်ထမ်းအား နှစ်ချုပ်ကြေညာလွှာပေးပို့ရန် သက်ဆိုင်ရာ စည်းကြပ်နှစ်ကုန်ဆုံးပြီး သုံးနှစ်အတွင်း အကြောင်းကြားနိုင်သည်။ ယင်းသို့ အကြောင်းကြားပြီးနောက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မည်သည့်အချိန်တွင်မဆို စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်နိုင်သည် -

(၁) အခွန်စည်းကြပ်ထိုက်လျက် စည်းကြပ်မှုမှ လွတ်ကင်းနေခြင်း၊

(၂) အခွန်လျော့နည်းစည်းကြပ်ခဲ့ခြင်း၊

သို့ရာတွင် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတို့နှင့် စပ်လျဉ်း၍ လိမ်လည်တိမ်းရှောင်ခြင်း၊ ထိမ်ချန်ခြင်းကြောင့် စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုလုပ်ရန် လိုအပ်ကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာ စည်းကြပ်နှစ်ကုန်ဆုံးပြီးနောက် မည်သည့်အချိန်တွင်မဆို ပြည်တွင်းအခွန် များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက်အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်သည့်ခါ သက်ဆိုင်ရာ နှစ်အတွက် အကျိုးသက်ရောက်သည့် ဇယားပါ အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

၁၈။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သည် မိမိဆောင်ရွက်သည့် စည်းကြပ်မှု သို့မဟုတ် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်တမ်းမှ

ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်း သို့မဟုတ် အယူခံသူက တင်ပြလျှင်ဖြစ်စေ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်နိုင်သည်။ သို့ရာတွင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက်ပြုလုပ်ရန်ဖြစ်လျှင် အခွန်ထမ်းအား ဖြေရှင်းခွင့်ပေးရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်သည့်ခါ သက်ဆိုင်ရာ နှစ်အတွက် အကျိုးသက်ရောက်သည့် ဇယားပါ နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

## အခန်း (၁၀)

## အယူခံခြင်း

၁၉။ (က) အခွန်ထမ်းက မကျေနပ်လျှင် အောက်ပါသူများထံ အယူခံဝင်နိုင်သည် -

(၁) အခွန်ကျပ် ၅၀၀ ထက်ပိုလျှင် ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူး၊

(၂) ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အခွန်ကျပ် ၁၀၀၀၀ ထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်းလျှင် တရားရုံးချုပ်။

(ခ) အခွန်ထမ်းသည် မိမိ မကျေနပ်သည့် အမိန့်ကို ရရှိသည့်နေ့မှစ၍ တစ်လအတွင်း စည်းမျဉ်းများနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။ ကာလစည်းကမ်းသတ်တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့် အမိန့်မိတ္တူကူးရန် လိုအပ်သည့် ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့် ကာလ။

(ဂ) ပုဒ်မခွဲ (ခ) ပါ ကာလစည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူး၊ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် တရားရုံးချုပ်က လျှော့ပေါ့၍ လက်ခံနိုင်သည်၊

(ဃ) အယူခံဝင်လိုသူသည် အောက်ပါအတိုင်း ဆောင်ရွက်မှသာ အယူခံခွင့်ရှိသည်-

(၁) ပေးဆောင်ရမည့် အခွန်ကို အကျေပေးသွင်းခြင်း သို့မဟုတ်

(၂) ပြည်နယ် သို့မဟုတ် တိုင်း အခွန်ဦးစီးဌာနမှူးထံ လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(င) အယူခံမှုပြီးမြောက်အောင် ဆောင်ရွက်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သော အမိန့်ကို ချမှတ်နိုင်သည်၊

(စ) အခွန်သည် ကျပ် ၅၀၀ အထိဖြစ်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ အမိန့်သည်လည်းကောင်း၊ အခွန်သည် ကျပ် ၁၀၀၀၀ အထိဖြစ်လျှင် ပြည်နယ် သို့မဟုတ် တိုင်း အခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ် ၁၀၀၀၀ အထက်ဖြစ်၍ ဥပဒေရေးရာ ပြဿနာမပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)

## မြို့နယ်၊ ပြည်နယ် သို့မဟုတ် တိုင်းအဆင့်က ချမှတ်သော အမိန့်ကို ပြင်ဆင်ခြင်း

၂၀။ ပြည်တွင်းအခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မိမိသဘောအလျောက်ဖြစ်စေ၊ အခွန်ထမ်း၏ တင်ပြချက်အရဖြစ်စေ မြို့နယ်ဦးစီးဌာနမှူး၊ ပြည်နယ် သို့မဟုတ် တိုင်း အခွန်ဦးစီးဌာနမှူးတို့က ချမှတ်သော မည်သည့်အမိန့်ကိုမဆို၊ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်စိစစ်၍ သင့်လျော်သော အမိန့်ကို ချမှတ်နိုင်သည်။

သို့ရာတွင် အောက်ပါကိစ္စများ၌ အခွန်ထမ်းက တင်ပြခွင့်မရှိစေရ -

(က) ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည့် ကိစ္စ၌ အယူခံဝင်နိုင်သည့် အချိန်ကာလမကုန်ဆုံးသေးခြင်း သို့မဟုတ် အယူခံဝင် ထားဆဲဖြစ်ခြင်း၊

(ခ) အခွန်ထမ်းသည် ပုဒ်မ ၁၉ ပုဒ်မခွဲ (ဃ) ကို လိုက်နာဆောင်ရွက်မှုမရှိခြင်း။

## အခန်း (၁၂)
## ပြစ်မှုများနှင့် ပြစ်ဒဏ်များ

၂၁။ မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ အောက်ပါ ပျက်ကွက်မှုတစ်ရပ်ရပ်ရှိလျှင် ထိုသူအား မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပျက်ကွက်မှုတစ်မျိုးစီအတွက် သက်ဆိုင်ရာ စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည် -

(က) မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပေးပို့ရန် ပျက်ကွက်ခြင်း၊

(ဂ) သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်း၊

(ဃ) ကြေညာလွှာအရ ကျသင့်သော အခွန်ကို ပေးသွင်းရန် ပျက်ကွက်ခြင်း၊

(င) စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(စ) အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော သို့မဟုတ် တိုးမြှင့်ပေးထားသော ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း။

၂၂။ (က) (၁) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ကြောင်း တွေ့ရှိလျှင်

ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံထုတ်ဖော်ခွင့်ပေးရမည်၊

(၂) ထိုသူသည် ခွင့်ပြုထားသော ကာလအတွင်း အပြည့်အစုံထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်၊

(၃) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင်ထိမ်ချိန်ခဲ့သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် လျော့နည်းထုတ်ဖော်လျှင် ပုဒ်မခွဲငယ် (၂) ပါအတိုင်း အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ပေးနိုင်သည်။

(ခ) မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် မိမိ၏ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေများနှင့် စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း၊ မမှန်မကန်သော သို့မဟုတ် မမှန်မကန်ဟု မိမိသိရှိယုံကြည်သော စာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများကို တင်ပြကြောင်း တွေ့ရှိလျှင် ကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူအား သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ အပြစ်ပေးနိုင်သည်။

၂၃။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ထိုသူအား သက်ဆိုင်ရာ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခံရပါက သုံးနှစ်မှ ခုနစ်နှစ်အထိ ထောင်ဒဏ်ကျခံစေရမည် -

(က) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ခြင်း၊

(ခ) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ရန် အားထုတ်ခြင်း၊

(ဂ) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ရန် အားပေးအားမြှောက်ပြုလုပ်ခြင်း၊

(ဃ) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ အလွဲသုံးစားပြုလုပ်ခြင်း။

**အခန်း (၁၃)**

**အခွန်အရကောက်ခံခြင်း**

၂၄။ အခွန်ထမ်းသည် သတ်မှတ်ထားသည့် အချိန်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့် အချိန်အတွင်း အခွန်နှင့် ဒဏ်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် မပေးဆောင်သည့် ငွေကို မပြေကျန်ငွေအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အခွန်ထမ်းကို ပျက်ကွက်သူအဖြစ် လည်းကောင်း မှတ်ယူပြီး အဆိုပါ မပြေကျန်ငွေကို ဝင်ငွေခွန် မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မြို့နယ်အခွန်ဦးစီးဌာနမှူးက အရကောက်ခံရမည်။ ယင်းသို့ အရကောက်ခံရာ၌ ဝင်ငွေခွန် ဥပဒေတွင် ပြဋ္ဌာန်းထားသော နည်းလမ်းများနှင့် လုပ်ပိုင်ခွင့်များကို မြို့နယ်အခွန်ဦးစီးဌာန မှူးက သုံးစွဲရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၂၅။ (က) ဥပဒေပုဒ်မ ၁၀ အရ တာဝန်လွှဲအပ်ခြင်းခံရသူများသည် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည် -

(၁) သက်ဆိုင်ရာ စည်းကြပ်မှု သို့မဟုတ် အယူခံမှုအတွက် မည်သည့် အဆောက်အအုံနေရာ သို့မဟုတ် လုပ်ငန်းဥပစာကိုမဆို ဝင်ရောက် ကြည့်ရှုစစ်ဆေးခွင့်၊

(၂) ထိုသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ် အသားများ ရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူ ခွင့်နှင့် မိတ္တူကူးယူခွင့်၊

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဆောင်ရွက်သည့် အမှုကိစ္စ တစ်ခုခု၌ လိုအပ်မည့် စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို မတင်ဘဲနေသည်ဟု သော်လည်းကောင်း၊ တောင်းဆိုသည့်အခါတွင် တင်ပြ လိမ့်မည်မဟုတ်ဟု သော်လည်းကောင်း ယုံကြည်ရန် အကြောင်းရှိလျှင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူးထံမှ ခွင့်ပြုချက် ရယူပြီးနောက် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည် -

(၁) မည်သည့် အဆောက်အအုံနေရာ သို့မဟုတ် လုပ်ငန်းဥပစာကိုမဆို ဝင်ရောက်ရှာဖွေခွင့်၊

(၂) ယင်းနေရာတို့တွင် တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက် စာတမ်းများကို သိမ်းဆည်းခွင့်။

(ဂ) မြို့နယ် အခွန်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (ခ) ပါ ကိစ္စကို အရေးတကြီး ဆောင်ရွက်ရန် ပေါ်ပေါက်လာပါက ယင်းကဲ့သို့ ယုံကြည်ရန် အကြောင်း အချက်များကို စာဖြင့် ရေးမှတ်ပြီး သက်ဆိုင်ရာ မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်းတောင်းခံ၍ ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူးတို့ထံ အမြန်ဆုံးအစီရင်ခံ တင်ပြရမည်၊

(ဃ) ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သက်ဆိုင်ရာ အခွန်ထမ်း သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးတို့၏ ရှေ့

မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို သိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း ပြေစာထုတ်ပေးရမည့်အပြင် ယင်းတို့ကို စည်းကြပ်မှု သို့မဟုတ် အယူခံမှုမပြီးပြတ်သေးမီ စစ်ဆေးရန် လိုအပ်သော ကာလအထိသာ လက်ဝယ်ထားရှိရမည်။

၂၆။ အစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ စည်းကြပ်ကောက်ခံရန် နည်းလမ်းများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

၂၇။ ဤဥပဒေအရ အခွန်ကျသင့်သော ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်က အစိုးရသည် ယင်းနိုင်ငံခြားငွေဖြင့် အခွန်ကျသင့်စေရန် အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်နိုင်သည်။

၂၈။ (က) ဤဥပဒေပါ စည်းကြပ်မှုများအတွက် မှန်ကန်သော စာရင်းများကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားရှိရမည်၊

(ခ) အစိုးရသည် အမိန့်ကြော်ငြာစာဖြင့် ရငွေအမျိုးအစားတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်းအမျိုးအစားတစ်ခုခုအတွက်ဖြစ်စေ မည်သည့်အချက်အလက်များ ပါဝင်သည့် စာရင်းများထားရှိရမည်ကို သတ်မှတ်နိုင်သည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ စည်းမျဉ်းများကို အစိုးရအဖွဲ့ကလည်းကောင်း၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း ထုတ်ပြန်နိုင်သည်။

၃၀။ ပုဒ်မ ၄ ပါ ကိစ္စအလို့ငှာ မည်သူသည် ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်တင်သွင်းသူဖြစ်ကြောင်းကိုလည်းကောင်း၊ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) အရ မည်သူသည် လုပ်ငန်းမှတ်ပုံတင်ရန် လိုအပ်သူဖြစ်ကြောင်းကိုလည်းကောင်း သတ်မှတ်ရန် ကိစ္စပေါ်ပေါက်လာလျှင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် အမိန့်များတွင် မည်သို့ပင်ပါရှိစေကာမူ အခွန်ကျသင့်စေခြင်း၊ အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ၁၉၉၀-၉၁ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် လိုင်စင်၊ ခွင့်ပြုလက်မှတ် သို့မဟုတ် ပါမစ်ထုတ်ပေးခြင်းကိစ္စများကို အောက်ပါတို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်-

(၁) The Burma Salt Act, 1917.

(၂) The Burma Excise Act, 1917.

(၃) The Cigarettes Duty Act, 1931.

(၄) The Matches (Excise Duty) Act, 1934.

(၅) Exciable Goods Rule, 1959.

(၆) The Sugar (Excise Duty) Act, 1934.

(၇) The Motor Spirit Duties Act, 1917.

(၈) The Petroleum Act, 1937.

(၉) The Silver (Excise Duty) Act, 1930.

(၁၀) The Chin Special Division (Extension of Laws) Act, 1948 အရ ချင်းဝိသေသတိုင်းတွင် အကျိုးသက်ရောက်သော The Petroleum Act.

(၁၁) ၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများ၊

(၁၂) The Kachin Hill-Tribes Regulation, 1895 အရ အကျိုးသက်ရောက်သော The Burma Salt Act, The Burma Excise Act, The Cigarettes Duty Act, The Matches (Excise Duty) Act.

(၁၃) The Shan States Excise Order, 1925.

(၁၄) ၁၉၅၂ ခုနှစ်၊ ရောင်းခွန်အက်ဥပဒေ၊

(၁၅) ၁၉၄၉ ခုနှစ် ဟိုတယ်နှင့် ပျော်ပွဲစားရုံခွန်အက်ဥပဒေ၊

(၁၆) The Entertainment Tax Act, 1947.

(၁၇) ၁၉၅၆ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်အက်ဥပဒေ၊

(၁၈) ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ဥပဒေ။

(ခ) အမြတ်ခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ယင်းဥပဒေ၏ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)၊ (ဃ) သို့မဟုတ် (င) နှင့် အကျုံးဝင်သူများအား အခွန်ကျသင့်စေခြင်း၊ အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ၁၉၉၀-၉၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) ၁၉၉၀-၉၁ ဘဏ္ဍာရေးနှစ်မတိုင်မီ နှစ်များအတွက် ဤဥပဒေနှင့် အကျုံးဝင်သည့် အဖွဲ့အစည်းများ၊ အသင်းများ၊ ပုဂ္ဂလိကများအား အခွန်ကျသင့်စေခြင်း၊ အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် သက်ဆိုင်သည့် ကိစ္စများကို သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်များနှင့် အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၂။ ကုန်စည်နှင့် ဝန်ဆောင်မှုခွန်ဥပဒေနှင့် အမြတ်ခွန်ဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရာမှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကူးပြောင်းဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် ဖြေရှင်းရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဆုံးဖြတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယားများ

## ဇယား ၁

## အခွန်မကျသင့်စေမည့် ကုန်စည်များ

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး။ |
| ၂ | ဂျုံစေ့။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ။ |
| ၄ | ပဲလုံးအမျိုးမျိုး။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ။ |
| ၁၄ | ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | လယ်ယာကိုင်းကျွန်းထွက် ကျွဲနွားစာ အစို၊ အခြောက်။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၂၁ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ စသော လယ်ယာကိုင်းကျွန်း ထွက်ကုန်များ။ |
| ၂၂ | ထင်း၊ ဝါး။ |
| ၂၃ | သက်ရှိတိရစ္ဆာန်များ။ |
| ၂၄ | ပိုးအိမ်။ |
| ၂၅ | ကြိမ်အကြမ်းအချော။ |
| ၂၆ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၇ | ချိပ်များ။ |
| ၂၈ | ကျောက်မီးသွေး။ |
| ၂၉ | ပဲဖွဲနှင့် ပဲအခွံများ။ |
| ၃၀ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၃၁ | ဆပ်ပြာမှုန့်ကြမ်း။ |
| ၃၂ | အရောင်ချွတ်ဖတ်။ |
| ၃၃ | တင်လဲရည် (Molasses)။ |
| ၃၄ | ဖန်ပြီးဝါ။ |
| ၃၅ | အုန်းဆံချည်ခင်။ |
| ၃၆ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ |
| ၃၇ | ငှက်မွေး၊ ဘဲမွေး။ |
| ၃၈ | ထီးပိတ်များ။ |
| ၃၉ | ဆေးဝွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ |
| ၄၀ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများ နှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၁ | ပိုးသတ်ဆေးများ။ |
| ၄၂ | လက်နက်ဥပဒေနှင့် အကျုံးဝင်သော လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အစိတ်အပိုင်းနှင့် အပိုပစ္စည်းများ၊ ယမ်းမှုန့် အမျိုးမျိုး။ |
| ၄၃ | တံဆိပ်ခေါင်းအမျိုးမျိုး။ |
| ၄၄ | ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသုံး ပစ္စည်းနှင့် ပစ္စည်းကိရိယာ များ။ |
| ၄၅ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၄၆ | သဘာဝဓာတ်ငွေ့။ |
| ၄၇ | ရေနံစိမ်း။ |
| ၄၈ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်နှင့် ပုံဆွဲစာအုပ်အမျိုးမျိုး၊ ခဲတံ အမျိုးမျိုး။ |
| ၄၉ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၅၀ | မျှင်ငါးပိ။ |
| ၅၁ | ပုစွန်ငံပြာရည်၊ မျှင်ငံပြာရည်၊ ငါးငံပြာရည်။ |
| ၅၂ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ အခြားစားသုံးဆီနှင့် ဆီအခဲများ။ |
| ၅၃ | ဂျုံမှုန့်အနုနှင့် အကြမ်း။ |
| ၅၄ | ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး။ |
| ၅၅ | ဆန်၊ ဆန်ကွဲ၊ ဖွဲ။ |
| ၅၆ | လျှပ်စစ်ဓာတ်အား (စက်ရုံသုံး)။ |
| ၅၇ | ငါးစို၊ ပုစွန်စို။ |
| ၅၈ | ပိုးသတ်ပြီးနှင့် အခြားချက်ထားပြီး နို့များ။ |
| ၅၉ | နို့မှုန့်။ |
| ၆၀ | ကလေးနှင့် နာမကျန်းသူများ သုံးစွဲရန် နို့။ |

## ဇယား ၂

## ၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ရေခဲ။ |
| ၂ | နို့ဆီ။ |
| ၃ | ယိုမျိုးစုံ။ |
| ၄ | မုယောနှင့် မုယောဂျုံမှုန့် (Malt and Malt Flour)။ |
| ၅ | ပဲငါးပိ၊ ပဲငံပြာရည်နှင့် ဟင်းခတ်အချိုရည်များ။ |
| ၆ | လက်ဖက်စို၊ လက်ဖက်ခြောက်အကြမ်း။ |
| ၇ | ဆေးပေ့ါလိပ်။ |
| ၈ | ပေါင်မုန့်၊ ဘီစကွတ်မုန့်နှင့် ကိတ်မုန့်များ။ |
| ၉ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် မုန့်ဖိုများက ထုတ်လုပ်သော စားဖွယ်သောက်ဖွယ်များ။ |
| ၁၀ | အစားအသောက်ဆိုးဆေးများ။ |
| ၁၁ | အစားအသောက်အမွှေးအကြိုင်များ။ |
| ၁၂ | ထင်းရှူးဆီချော။ |
| ၁၃ | ကညစ်ဆီ၊ ထင်းရှူးဆီ။ |
| ၁၄ | စားသုံးရန်မဟုတ်သည့် ဝါစေ့ဆီရိုင်း၊ ဖွံ့နုဆီရိုင်း စသည့် ဆီကြမ်းများ။ |
| ၁၅ | စက်ဆီ၊ ချောဆီနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသော |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| | ရေနံထွက်ဆီများ။ |
| ၁၆ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး။ |
| ၁၇ | ဘောကင်ပေါင်ဒါနှင့် တဆေး (Yeast)။ |
| ၁၈ | ဓာတ်မြေသြဇာများ။ |
| ၁၉ | ဓာတ်ဆေး၊ ဆိုးဆေး။ |
| ၂၀ | ဓာတုဗေဒအခြေခံဓာတ်ရောများ။ |
| ၂၁ | ရေနံမီးသွေး။ |
| ၂၂ | ရေနံနှင့် ရေနံမီးသွေးမှထွက်သည့် ဓာတုဗေဒကုန်ပစ္စည်းများ။ |
| ၂၃ | ဖိနပ်အမျိုးမျိုးတွင် တပ်ဆင်သည့် ပစ္စည်းများ။ |
| ၂၄ | ကရုံးသားရေ၊ ဆိုးသားရေ၊ ဆိတ်၊ သိုးသားရေနှင့် သားရေနယ်များ။ |
| ၂၅ | ဒန်ပြား၊ ဒန်ဝိုင်း။ |
| ၂၆ | ရော်ဘာဖြင့် ပြုလုပ်သော စက်သုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ။ |
| ၂၇ | ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ။ |
| ၂၈ | ထင်းမီးသွေး။ |
| ၂၉ | ကျွန်းသစ်လုံး။ |
| ၃၀ | သစ်မာသစ်လုံး။ |
| ၃၁ | ကျွန်းနှင့် သစ်မာတိုင်နှင့် မျော။ |
| ၃၂ | သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် အခြားပုံနှိပ်စာအုပ်စာပေများ။ |
| ၃၃ | စက္ကူများနှင့် ကတ်ထူစက္ကူများ။ |
| ၃၄ | စီးကရက်စက္ကူများ။ |
| ၃၅ | မင်အမျိုးမျိုး။ |
| ၃၆ | ဖောင်တိန်နှင့် ဘောပင်များ။ |
| ၃၇ | တွယ်ချိတ်၊ တွယ်အပ်၊ ကလစ်နှင့် အခြားရုံးသုံးပစ္စည်းကိရိယာများ။ |
| ၃၈ | ချည်လုံးချည်ကြမ်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၉ | ချည်ရှပ်ဖျင်ညို။ |
| ၄၀ | ချည်ဇင်ပိတ်။ |
| ၄၁ | စွပ်ကျယ်များ။ |
| ၄၂ | ချည်ခင်။ |
| ၄၃ | ပိုးချည်ခင်။ |
| ၄၄ | ချည်တိပ်ကြိုး၊ ချည်မျှော့ကြိုး၊ ချည်တိုင်တိပ်ကြိုးများ။ |
| ၄၅ | စက်ပြင်ဝတ်စုံများ။ |
| ၄၆ | အပ်ချည်လုံး (ချည်)။ |
| ၄၇ | ဂေါ်ဒန်ကျောက်။ |
| ၄၈ | ဘရိတ်တီးကျောက်။ |
| ၄၉ | ဂရက်ဖိုက်။ |
| ၅၀ | ရွှံ့စေးဖြူ၊ မီးခံရွှံ့စေးနှင့် မီးခံရွှံ့စေးမှုန့်။ |
| ၅၁ | ကံ့ ကူဆံ။ |
| ၅၂ | ဒိုလိုမိုက်ကျောက်။ |
| ၅၃ | မြေနီ၊ မြေဝါ၊ မြေဖြူမှုန့်။ |
| ၅၄ | ဗင်တိုနိုက်ကျောက်။ |
| ၅၅ | တာရာဇိုကျောက်။ |
| ၅၆ | ရေစေးမြေများ။ |
| ၅၇ | ခဲချော်ချေး။ |
| ၅၈ | ကျောက်ကျိုး၊ ကျောက်ပုံ့။ |
| ၅၉ | ကျောက်တုံး (Marble)။ |
| ၆၀ | ထုံးကျောက်။ |
| ၆၁ | အခြားလမ်းခင်းကျောက်များ၊ သဲများ။ |
| ၆၂ | ခဲမဖြူသန့်စင်၊ အဖြိုက်နက်သန့်စင်၊ ခဲမဖြူအဖြိုက်နက်ရောရာ၊ ခဲမဖြူ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| | အဖြိုက်နက်ရှိုးလိုက်ရောရာ သန့်စင်သတ္တုများ။ |
| ၆၃ | ခဲစင်။ |
| ၆၄ | သန့်စင်သွပ်မှုန့်။ |
| ၆၅ | ကြေးနီးမက်။ |
| ၆၆ | နီကယ်စပိုက်(စ်)။ |
| ၆၇ | ခနောက်စိမ်းခဲ။ |
| ၆၈ | ခနောက်စိမ်းသတ္တု။ |
| ၆၉ | သန့်စင်ဆာလ်ဖိတ်ခဲမှုန့်။ |
| ၇၀ | ပညာပေးနှင့် ကျောင်းသုံးလျှပ်စစ် ပစ္စည်းကိရိယာများ။ |
| ၇၁ | လွှသွားအမျိုးမျိုး။ |
| ၇၂ | လက်သမားသုံးကိရိယာများ။ |
| ၇၃ | လယ်ယာသုံးကိရိယာများ။ |
| ၇၄ | ပုလင်းအမျိုးမျိုး။ |
| ၇၅ | အုန်းဆံကြိုး၊ ဂုန်နီကြိုး၊ ချည်ကြိုးနှင့် အခြားကြိုးများ။ |
| ၇၆ | ဂုန်နီဖျင်ပါးနှင့် ဂုန်နီအိတ်များ။ |
| ၇၇ | စက္ကူဖြင့်လည်းကောင်း၊ စက္ကူကတ်ထူဖြင့်လည်းကောင်း ပြုလုပ်ထားသော ထုပ်ပိုးပစ္စည်းများ။ |
| ၇၈ | ပလတ်စတစ်အိတ်အမျိုးမျိုး။ |
| ၇၉ | သံဖြင့် ပြုလုပ်သော ရေစည်၊ သံပုံးနှင့် သတ္တုရည်အမျိုးမျိုးဖြင့် သုတ်ထားသော ပုံး၊ ခွက်များ။ |
| ၈၀ | ပုလင်းအဖုံး (Crown Cork) များ။ |
| ၈၁ | အဝတ်လျှော်ဆပ်ပြာအမျိုးမျိုး။ |
| ၈၂ | ဖန်ခွက်များ။ |
| ၈၃ | မျက်မှန်၊ မျက်မှန်ကိုင်းနှင့် အရန်ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၈၄ | ဦးထုပ်အမျိုးမျိုး။ |
| ၈၅ | ဘောလုံးကစားပစ္စည်းနှင့် စားပွဲတင်တင်းနစ် အားကစားပစ္စည်းကိရိယာများ။ |
| ၈၆ | ကြက်တောင်ရိုက် အားကစားပစ္စည်းများ။ |
| ၈၇ | ငါးမျှားချိတ်များ။ |
| ၈၈ | လျှပ်စစ်ဓာတ်အား (စက်ရုံသုံးမှအပ)။ |
| ၈၉ | မရိုက်ရသေးသော ကင်မရာဖလင်များ။ |
| ၉၀ | လက်တွန်းလှည်းများ။ |
| ၉၁ | အားကစားဝတ်ဆင်ရေး ချုပ်ပြီးအထည်များ။ |
| ၉၂ | ပန်းချီဆရာသုံးကိရိယာတန်ဆာပလာများ။ |
| ၉၃ | ဆား။ |
| ၉၄ | မီးသိုင်းပါသော အရက်ပြန်။ |

## ဇယား ၃

## ၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ပုလဲတု၊ စိန်တု၊ ကျောက်တုနှင့် သွေးပြီး ချက်ကျောက်များ။ |
| ၂ | ဖန်ပန်းအိုး၊ ဖန်ပန်းခွက်၊ ဖန်ပုလင်းနှင့် ဖန်ခွက်မှအပ အခြားအိမ်သုံး ဖန်ထည်ပစ္စည်းများ။ |
| ၃ | ကျောက်ပန်းအိုး၊ ကျောက်ပန်းခွက်၊ စားပွဲကျောက်ပြားများ (Marble Products)။ |
| ၄ | ရှုလကာရည်။ |
| ၅ | ခေါက်ဆွဲအစို၊ အခြောက်၊ မြူစွမ်နှင့် မာကရိုနီ။ |
| ၆ | ဆေးသကြား။ |
| ၇ | ကော်ဖီမှုန့်အမျိုးမျိုး။ |
| ၈ | လက်ဖက်အချိုခြောက်။ |
| ၉ | ငရုတ်ဆီနှင့် ဆော့(စ်) (Sauce) များ။ |
| ၁၀ | မလိုင်၊ ထောပတ်၊ ဂီးထောပတ်၊ ဒိန်ခဲများ။ |
| ၁၁ | ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး။ |
| ၁၂ | ဖယောင်းတိုင်များ။ |
| ၁၃ | ပရုတ်လုံး၊ ပရုတ်ခဲ။ |
| ၁၄ | သုတ်ဆေး၊ မှုတ်ဆေး၊ အရောင်တင်ဆေးအမျိုးမျိုး။ |
| ၁၅ | ဆေးသုတ်၊ ဆေးမှုတ်နှင့် ဆေးခြယ်ရာတွင် အသုံးပြုသော ကိရိယာတန်ဆာ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| | ပလာများ (ပန်းချီဆရာသုံးပစ္စည်းကိရိယာများ မပါဝင်)။ |
| ၁၆ | ဇစ်အမျိုးမျိုးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ကြယ်သီးအမျိုးမျိုး။ |
| ၁၇ | မီးခြစ်ကျောက်။ |
| ၁၈ | ဆံညှပ်၊ ဆံထိုးနှင့် ဆံပင်ကောက်ပစ္စည်းများ။ |
| ၁၉ | သွားတိုက်တံများ။ |
| ၂၀ | ခေတ်ဆပ်ပြာရည်၊ ခေတ်ဆပ်ပြာမှုန့်နှင့် ချေးချွတ်ဆေးမှုန့်။ |
| ၂၁ | ကြက်ပေါင်ဆေး။ |
| ၂၂ | ရာဘာဖြင့် ပြုလုပ်သော အိမ်သုံးပစ္စည်းအမျိုးမျိုး။ |
| ၂၃ | စက်ဘီး၊ တာယာနှင့် ကျွတ်များ။ |
| ၂၄ | မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်သုံး တာယာနှင့် ကျွတ်များ။ |
| ၂၅ | ရော်ဘာကွန်ပေါင်းများ။ |
| ၂၆ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် တာယာနှင့် ကျွတ်များ။ |
| ၂၇ | သစ်မာ၊ သစ်မာအထပ်သားနှင့် သစ်မာအပါးအလွှာများ။ |
| ၂၈ | ယွန်းထည်အမျိုးမျိုး။ |
| ၂၉ | စက္ကူကတ်ထူဖြင့် ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၃၀ | စက္ကူထုပ်ပိုးပစ္စည်းများမှအပ အခြားစက္ကူပစ္စည်းများ။ |
| ၃၁ | ကင်းဘတ်ဖျင်များ။ |
| ၃၂ | ဖယောင်းပုဆိုးပိတ်နှင့် ကြမ်းခင်းပိတ်များ။ |
| ၃၃ | တာပေါ်လင်ဖျင် (မိုးရေခံပတ္တူ) နှင့် မိုးကာ။ |
| ၃၄ | ချည်ချောလုံချည်များ။ |
| ၃၅ | ချည်ရှပ်ဖျင်ရောင်စုံနှင့် ပိတ်ဖြူများ။ |
| ၃၆ | ချည်စောင်များ။ |
| ၃၇ | ချည်မျက်နှာသုတ်ပဝါများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၃၈ | ပွင့်ရိုက်ချည်ထည်များ။ |
| ၃၉ | စားပွဲခင်း၊ လက်သုတ်ပုဝါ စသည့် အိမ်သုံးအထည်များ။ |
| ၄၀ | ချည်ခြင်ထောင်ဇာများ။ |
| ၄၁ | ချည်ဇာမှအပ အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ချည်ထည်များ။ |
| ၄၂ | အားကစားဝတ်ဆင်ရေး ချုပ်ပြီးထည်မှအပ အခြားချည်ချုပ်ပြီး အထည်များ။ |
| ၄၃ | ချုပ်ပြီး ခြင်ထောင်များ။ |
| ၄၄ | ဘိလပ်မြေ။ |
| ၄၅ | အုတ်၊ အုတ်ကြွပ်ပစ္စည်း၊ မီးခံအုတ်။ |
| ၄၆ | ကြွေထည်ပန်းကန်ခွက်ယောက်များ။ |
| ၄၇ | ကြွေရည်သုတ်ပန်းကန်ခွက်ယောက်များ။ |
| ၄၈ | မှန်အိမ်၊ မီးအိမ်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၄၉ | အိမ်သုံးနှင့် ရေအိမ်သုံး ကြွေထည်ပစ္စည်းများ။ |
| ၅၀ | ထုံးနှင့် ထုံးမှုန့်များ။ |
| ၅၁ | အိမ်ရိုက်သံ၊ လေးမြှောင့်သံများ။ |
| ၅၂ | မုတ်ဆိတ်ရိတ်ဓား၊ သင်တုန်းဓားနှင့် ကတ်ကြေးများ။ |
| ၅၃ | သတ္တုဖြင့်လည်းကောင်း၊ ကြေးဖြင့်လည်းကောင်း ပြုလုပ်ထားသော အိုးခွက် အိမ်သုံးပစ္စည်းများ။ |
| ၅၄ | သော့ခလောက်၊ သော့အိမ်နှင့် သော့များ။ |
| ၅၅ | ပရိဘောဂနှင့် သေတ္တာများတွင် တပ်ဆင်သည့် ကုန်မာတန်ဆာပလာများ။ |
| ၅၆ | သံ၊ သံမဏိပြားအထူ၊ အပါးနှင့် သတ္တုအရည်သုတ်ထားသည့် သံ၊ သံမဏိပြားများ။ |
| ၅၇ | အိမ်မိုးသွပ်ပြားများ။ |
| ၅၈ | သံ၊ သံမဏိဖြင့် ပြုလုပ်သော မူလီ၊ ဝက်အူ၊ ဘို့နပ် စသည်များ။ |
| ၅၉ | သံ၊ သံမဏိတိုင်၊ ထုပ်၊ ပိုက်လုံး၊ သံချောင်း၊ သံဝါယာပစ္စည်း စသည့် |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| | ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၆၀ | သံ၊ သံမဏိမှအပ အခြားသတ္တုဖြင့် ပြုလုပ်ထားသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၆၁ | ပိုက်ဆက်ပစ္စည်းများ။ |
| ၆၂ | သံကြွပ်ဒယ်အိုး၊ ပန်းရန်ဒယ်အိုး၊ သံဘရပ်၊ သံသပ်၊ ကတ္တရာအိုး၊ ကွန်ကရစ်ဖျော်စက်၊ ကျောက်ကြိတ်စက် စသည့် ဆောက်လုပ်မှုနှင့် အထွေထွေလုပ်ငန်း သုံးပစ္စည်းကိရိယာများ။ |
| ၆၃ | သံ၊ သံမဏိကြိုးများနှင့် ကျောက်ဆူးများ။ |
| ၆၄ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ငွေနှင့် ပလက်တီနံမှအပ အခြားသတ္တုဖြင့် ပြုလုပ်သည့် ပစ္စည်းများ။ |
| ၆၅ | လျှပ်စစ်မော်တာများ။ |
| ၆၆ | လယ်ယာသုံးစက်ပစ္စည်းများ။ |
| ၆၇ | ရက်ကန်းနှင့် အခြား အထည်ရက်လုပ်ငန်း၊ ချည်ထိုးလုပ်ငန်း၊ ချည်မျှင်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းကိရိယာများ။ |
| ၆၈ | လက်နှိပ်ဓာတ်မီးနှင့် အရန်ပစ္စည်းများ။ |
| ၆၉ | ကြော်ငြာနီယွန်းမီးသီး၊ မီးချောင်းမှအပ အခြား မီးသီး၊ မီးချောင်းအမျိုးမျိုး။ |
| ၇၀ | မီးချောင်း၊ မီးသီးအုပ်ဆောင်းအမျိုးမျိုးနှင့် မီးခလုတ်၊ မီးဘလောက်များနှင့် ယင်းတို့၏ အရန်ပစ္စည်းများ။ |
| ၇၁ | မီးကြိုး၊ မီးကလစ်နှင့် အခြားအိမ်တွင်း လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ။ |
| ၇၂ | ကြေးဖြင့် ပြုလုပ်သော လျှပ်စစ်ဓာတ်ထိန်းနှင့် ကြေးနန်းပစ္စည်းများ။ |
| ၇၃ | မီတာအိမ်နှင့် မီတာသေတ္တာများ။ |
| ၇၄ | ဓာတ်မီးတိုင်ထိန်းပစ္စည်းကိရိယာများ။ |
| ၇၅ | ပင်မ လျှပ်စစ်ဖြန့်ခွဲမှုကိရိယာများ။ |
| ၇၆ | တွင်းထွက်ပစ္စည်းများနှင့် သတ္တုပစ္စည်းများ တူးဖော်ရေး၊ ဖြတ်ထွင်းရေးစက်၊ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| | ပစ္စည်းကိရိယာများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၇ | စက်မှုသုံးအပ်ချုပ်စက်များ။ |
| ၇၈ | လမ်းဆောက်လုပ်ရေး၊ လမ်းခင်း၊ လမ်းကြိတ်စက်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၉ | လျှပ်စစ်ဂျင်နေရေတာ၊ ထရန်စဖော်မာစသည့် လျှပ်စစ်စက်ပစ္စည်းနှင့် ယင်းတို့ ၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၀ | လျှပ်စစ်ဓာတ်အားလိုင်းကြိုး၊ ကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၁ | ကြေးနန်း၊ ကြိုးမဲ့ကြေးနန်း၊ စကားပြောကြေးနန်း၊ တဲလက်(စ်)နှင့် ရေဒီယို ဆက်သွယ်ရေးပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၂ | ဘက်ထရီများ (ဓာတ်ခဲခြောက်မပါ)။ |
| ၈၃ | ရေဒီယိုအမျိုးမျိုး၏ အစိတ်အပိုင်းများ၊ အပိုပစ္စည်းများနှင့် အခြား လျှပ်စစ် ဆက်သွယ်ရေး အီလက်ထရွန်နစ်ပစ္စည်းများ။ |
| ၈၄ | ဝန်ချိန်ကိရိယာ၊ အကွာအဝေးတိုင်းတာသည့် ကိရိယာများ။ |
| ၈၅ | မီးသတ်ဆေးဘူးများ။ |
| ၈၆ | မှန်ပြားနှင့် ဖန်၊ မှန်ဖြင့် ပြုလုပ်ထားသော ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၈၇ | ကွန်ကရစ်ဖြင့်လည်းကောင်း၊ မီးခံဘိလပ်မြေဖြင့်လည်းကောင်း ပြုလုပ်ထားသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၈၈ | ကြွေထည်ပစ္စည်းမှအပ အခြားအိမ်သုံးနှင့် ရေအိမ်သုံးပစ္စည်းများ။ |
| ၈၉ | ကွန်ကရစ်ပိုက်များ။ |
| ၉၀ | ရေလောင်းအိမ်သာ၊ ရေဆွဲအိမ်သာပစ္စည်းနှင့် ယင်းတို့အတွက် တပ်ဆင်ရန် ပစ္စည်းများ။ |
| ၉၁ | ပလစ်စတစ်ဖြင့် ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၉၂ | ဘော(လ်) ဘယ်ရင်များ။ |
| ၉၃ | ဘွိုင်လာ၊ အင်ဂျင်များ၊ လျှပ်စစ်ဓာတ်အားပေး တာဘိုင်များနှင့် ယင်းတို့၏ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| | အရန်နှင့် အပိုပစ္စည်းများ။ |
| ၉၄ | စက်ဘီးများ။ |
| ၉၅ | စက်ဘီးအရန်နှင့် အပိုပစ္စည်းများ။ |
| ၉၆ | ထရက်တာကားများ၊ အခြား စက်မှုသုံးကားများနှင့် နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၉၇ | မီးရထားခေါင်း၊ မီးရထားခေါင်းတွဲ၊ မီးရထားတွဲများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၉၈ | ပင်လယ်ကူးသင်္ဘော၊ အခြားသင်္ဘော၊ မော်တော်ဘုတ်နှင့် စက္ကူနာစက်တပ် လှေကြီးများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၉၉ | လေယာဉ်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၀ | ဖောတံတားများ၊ ဖောယာများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၁ | ငါးဖမ်းပိုက်များ။ |
| ၁၀၂ | ပလတ်စတစ်ဖျင်များ။ |
| ၁၀၃ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပလတ်စတစ် အိမ်သုံးနှင့် လူသုံးပစ္စည်းများ။ |
| ၁၀၄ | ရေနံဆီမီးဖိုနှင့် ယင်းတို့အတွက် အရန်ပစ္စည်းများ။ |
| ၁၀၅ | မိုးကာအင်္ကျီများ။ |
| ၁၀၆ | ဆေးလိပ်ခွက်အမျိုးမျိုးနှင့် ဆေးလိပ်ပြာခွက်အမျိုးမျိုး။ |
| ၁၀၇ | ထီးအမျိုးမျိုး။ |
| ၁၀၈ | ကင်းဘတ်ဖိနပ်၊ ခြင်းခတ်ဖိနပ်နှင့် အခြားဖိနပ်အမျိုးမျိုး။ |
| ၁၀၉ | မရိုက်ရသေးသော ရုပ်ရှင်ဖလင်များ။ |
| ၁၁၀ | ကလေးကစားစရာများ။ |
| ၁၁၁ | တင်းနစ်အားကစားပစ္စည်းကိရိယာများ။ |
| ၁၁၂ | ကလေးစီးယာဉ်အမျိုးမျိုးနှင့် အရန်ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၁၃ | ဘော်ငွေ (သို့မဟုတ်) ငွေစင်။ |
| ၁၁၄ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပုံနှိပ်လုပ်ငန်းပစ္စည်းများ။ |
| ၁၁၅ | ဓာတ်မီးခြစ်အမျိုးမျိုး။ |
| ၁၁၆ | $\frac{3}{4}$ တန်အထက် ကုန်တင်ကား၊ ထရပ်ကားများနှင့် ကုန်တွဲကားများ။ |
| ၁၁၇ | ခါးပြတ်ကုန်တင်ကား၊ လူစီးဝန်တင်ကား၊ ဘတ်စ်ကားများ။ |
| ၁၁၈ | ရေ၊ ဓာတ်ဆီ စသည် သယ်ပို့သည့် ကားများ။ |
| ၁၁၉ | ဝန်ချီကားများ။ |
| ၁၂၀ | မော်တော်ကား အရန်နှင့် အပိုပစ္စည်းများ (ကိုယ်ထည်အစိတ်အပိုင်း အပါအဝင်)။ |
| ၁၂၁ | မော်တော်ဆိုင်ကယ်အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၂၂ | မုယောနှင့် နို့ဖြင့် ပြုလုပ်ထားသော စားသောက်ဖွယ်များ (Malted milk Preparation)။ |
| ၁၂၃ | နို့အေး၊ ရေခဲမုန့်၊ ရေခဲချောင်း စသည်များ။ |
| ၁၂၄ | ဓာတ်ခဲအမျိုးမျိုး။ |
| ၁၂၅ | မုတ်ခွံနှင့် ခရုများ။ |
| ၁၂၆ | မီးခံဘိလပ်မြေ အမိုးအကာပစ္စည်းများ။ |
| ၁၂၇ | အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၂၈ | တာရာဇိုကျောက်ပြားမှအပ အခြားအိမ်ခင်း၊ လမ်းခင်းကျောက်ပြားများ။ |
| ၁၂၉ | ဂုန်နီကော်ဇောများ။ |
| ၁၃၀ | မူလသတ္တိဖျက်အရက်ပြန်။ |
| ၁၃၁ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပစ္စည်းများ။ |

ဇယား ၄

# ၃၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | သကြားလုံးများ။ |
| ၂ | စားဖွယ်သောက်ဖွယ် စည်သွတ်ဘူးများ။ |
| ၃ | ကျောက်ကျောအခြောက် (Isinglass)။ |
| ၄ | ကိုကိုးမှုန့်။ |
| ၅ | တော်ဖီ၊ ချောကလက်များ။ |
| ၆ | အချိုယမကာအမျိုးမျိုး။ |
| ၇ | ဆေးတံသောက်ဆေးများ။ |
| ၈ | ကွမ်းစားဆေး (မူစကီး)။ |
| ၉ | ကိုယ်တိုက်ဆပ်ပြာများ။ |
| ၁၀ | ကြမ်းတိုက်ဖယား။ |
| ၁၁ | ရိုက်ပြီး ဖလင်များ။ |
| ၁၂ | ဆေးပေါင်ဒါမှအပ ရေမွှေးအပါအဝင် အလှကုန်များ။ |
| ၁၃ | ကျွန်းနှင့် ကျွန်းပါသော အထပ်သား။ |
| ၁၄ | ကျွန်းခွဲသား။ |
| ၁၅ | သစ်သားအခင်းတုံးများ။ |
| ၁၆ | လုပ်ငန်းသုံးပစ္စည်းမှအပ အခြားသာရေပစ္စည်းများ။ |
| ၁၇ | ဇာချည်ထည်နှင့် အခြားပိတ်ဇာများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| ---: | --- |
| ၁၈ | ခာတုဗေဒချည်တုနှင့် ပိုးတုထည်များ။ |
| ၁၉ | ချည်နှင့် ခာတုဗေဒပိုးတုနှင့် ချည်တုရောရာ အထည်များ။ |
| ၂၀ | ချည်စောင်နှင့် တဘက်မှအပ အခြားစောင်နှင့် တဘက်များ။ |
| ၂၁ | သားရေတုအထည်အလိပ်များ။ |
| ၂၂ | ပိုးနှင့် ဖဲတွဲလုံချည်များ။ |
| ၂၃ | ပိုးတုဖဲပြားများ။ |
| ၂၄ | ပိုးထည်အမျိုးမျိုး။ |
| ၂၅ | သားမွေး၊ သိုးမွေးအထည်အလိပ်၊ အဝတ်တန်ဆာပလာနှင့် ယင်းတို့ဖြင့် ပြုလုပ်သည့် ချုပ်ပြီးအထည်များ။ |
| ၂၆ | မော်တော်ဆိုင်ကယ်၊ မော်တော်စကူတာနှင့် ယင်းအမျိုးအစားတွင် ပါဝင်သော မော်တော်ယာဉ်များ။ |
| ၂၇ | အပေါ့စား ဘင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် အပေါ့စား ဝက်ဂွန်း (Estate Wagon) ကားများနှင့် ကူပေး (Coupe) ကားများ။ |
| ၂၈ | စက္ကူလုပ်ငန်း၊ စက္ကူပတ်လုပ်ငန်း၊ စက္ကူထူလုပ်ငန်းသုံးစက်၊ စက်ပစ္စည်း ကိရိယာများ။ |
| ၂၉ | စာပုံနှိပ်၊ စာစီနှင့် စာအုပ်ချုပ်စက်၊ ဘလောက်လုပ်ငန်း စက်ကိရိယာများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၀ | ဆန်စက်၊ ဂျုံစက်၊ သီးနှံအမှုန့်ကြိတ်စက်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း များ။ |
| ၃၁ | သကြားစက်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၂ | ဆီကြိတ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၃ | သစ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၄ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် စက်ပစ္စည်းကိရိယာနှင့် |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| | ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၅ | ရုပ်ရှင်ရိုက်စက်အမျိုးမျိုး၊ ရုပ်ရှင်ပြစက်အမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ (ကာဗွန်အပါအဝင်)။ |
| ၃၆ | ကင်မရာအမျိုးမျိုး၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၇ | မှန်ပြောင်း၊ မှန်ဘီလူးများ။ |
| ၃၈ | လက်နှိပ်စက်၊ ဂဏန်းတွက်စက်၊ မိတ္တူကူးစက်၊ စာရင်းအင်းစက်များ၊ အခြားရုံးသုံးစက်၊ စက်ကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၉ | နာရီအမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၄၀ | ရွှေ၊ ငွေ၊ ရွှေရည်နှင့် ရွှေရည်တင်ဇွန်း၊ ခက်ရင်းမှအပ အခြားဇွန်း၊ ခက်ရင်းနှင့် ဓားများ။ |
| ၄၁ | အိမ်သုံးအပ်ချုပ်စက်များ။ |
| ၄၂ | အိမ်ထောင်ပရိဘောဂများ။ |
| ၄၃ | သံဗီရို၊ သံမဏိသုံးဗီရို စသည်များ။ |
| ၄၄ | မီးခံသေတ္တာများ။ |
| ၄၅ | မီးခံငွေသေတ္တာ၊ ဘဏ္ဍာတိုက်ခန်းပစ္စည်း၊ ကိရိယာများနှင့် ငွေသေတ္တာများ။ |
| ၄၆ | တာရာစိုကျောက်ပြားများ။ |
| ၄၇ | ရေဒီယိုများ၊ တီဗွီများ၊ ဗွီဒီယိုကင်မရာနှင့် ပြစက်များ။ |
| ၄၈ | လျှပ်စစ်မီးဖိုများ၊ လျှပ်စစ်ထမင်းချက်အိုးများနှင့် မိုက်ကရိုဝေ့(ဗ်) ဖိုများ။ |
| ၄၉ | ဖိုင်ဘာသေတ္တာ၊ ခရီးဆောင်သေတ္တာနှင့် ဘရိတ်(ဖ်)ကေ့(စ်) များ။ |
| ၅၀ | လျှပ်စစ်ပန်ကာ၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်အဝတ်လျှော်စက်နှင့် ရေအေးစက်များ။ |
| ၅၁ | ဓာတ်စက်များ။ |
| ၅၂ | ဓာတ်စက် ဓာတ်ပြား။ |
| ၅၃ | လေအေးစက်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၅၄ | ရေအေးရေခဲစက်၊ ရေခဲသေတ္တာ၊ ရေခဲသေတ္တာဘူးများ။ |
| ၅၅ | ဆင်စွယ်၊ လိပ်ခွံနှင့် အခြားတိရစ္ဆာန်ပစ္စည်းဖြင့် ပြုလုပ်သော ဝတ္ထုပစ္စည်းများ။ |
| ၅၆ | ဘိလိယက်ခုံ၊ ဘိလိယက်ဘောလုံး၊ ဘိလိယက်ထိုးတံနှင့် ဘိလိယက်ပစ္စည်းများ။ |
| ၅၇ | ဂေါ့(ဖ်) အားကစားပစ္စည်းများ။ |
| ၅၈ | တူရိယာပစ္စည်းများ။ |
| ၅၉ | အသံသွင်းစက်များ၊ ရေဒီယိုတွဲအသံသွင်းစက်များ၊ ကက်ဆက်များနှင့် တိပ်ခွေများ။ |
| ၆၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ။ |
| ၆၁ | သကြား။ |
| ၆၂ | ဘိလပ်ရည်။ |
| ၆၃ | ယမ်းမီးခြစ်။ |
| ၆၄ | မီးထိုးဆီ။ |
| ၆၅ | ဖယောင်း။ |
| ၆၆ | စစ်သုံးရမ်။ |

## ဇယား ၅

အောက်ဇယားပါ ကုန်စည်များနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် ရောင်းရငွေပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းအရ အခွန်ကျသင့်စေရမည် -

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက် ..... | ၁၂၅ |
| ၂ | ရေနံဆီ ..... | ၈၀ |
| ၃ | ဓာတ်ဆီ ..... | ၁၇၀ |
| ၄ | ဒီဇယ်ဆီ ..... | ၉၀ |
| ၅ | ရေနံချေး ..... | ၁၈၀ |
| ၆ | ဂျက်လေယာဉ်ဆီ ..... | ၁၁၅ |
| ၇ | ရမ် ..... | ၂၂၅ |
| ၈ | ပြည်တွင်းဖြစ်ဘရမ်ဒီ ..... | ၆၀ |
| ၉ | အခြားဘရမ်ဒီ ..... | ၂၂၅ |
| ၁၀ | ပြည်တွင်းဖြစ် မော့ဝီစကီ ..... | ၆၀ |
| ၁၁ | အခြားဝီစကီ ..... | ၂၂၅ |
| ၁၂ | ပြည်တွင်းဖြစ်ဂျင် ..... | ၆၀ |
| ၁၃ | အခြား ဂျင်၊ လစ်ကီယာနှင့် အလားတူ အခြားအရက်များ ..... | ၂၂၅ |
| ၁၄ | ဘီယာ ..... | ၆၀ |
| ၁၅ | ဝိုင် ..... | ၆၀ |
| ၁၆ | တင်လဲဖြူအရက် ..... | ၆၀ |
| ၁၇ | အရက်ဖြူ ..... | ၂၀၀ |
| ၁၈ | ပုလဲ ..... | ၁၀၀ |
| ၁၉ | ကျောက်စိမ်းနှင့် အခြားအဖိုးတန်ကျောက်များ ..... | ၁၀၀ |

## ဇယား ၆

အောက်ဇယားပါဝန်ဆောင်မှုများအပေါ် ယင်းတို့နှင့် ယှဉ်တွဲပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည် -

| အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | အခြေပြု တွက်ချက်ရမည့်ငွေ | အခွန်ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ရထား၊ ရေကြောင်း၊ လေကြောင်းနှင့် ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်း။ | ခရီးသည်ပို့ဆောင်ခ ရငွေစုစုပေါင်း | ၈ |
| ၂ | ဖျော်ဖြေမှုလုပ်ငန်း - | | |
| | (က) ရုပ်ရှင် သို့မဟုတ် ဗွီဒီယိုပြသခြင်း၊ | ရငွေအားလုံး | ၃၀ |
| | (ခ) ရုပ်ရှင် သို့မဟုတ် ဗွီဒီယိုမှအပ ကျန်ဖျော်ဖြေမှုများ။ | ရငွေအားလုံး | ၁၅ |
| ၃ | ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း။ | ရောင်းငွေစုစုပေါင်း | ၅ |
| ၄ | ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဖွယ်ရောင်းချရေးလုပ်ငန်း။ | ရငွေအားလုံး | ၁၀ |

သို့ရာတွင် အစိုးရသည် ဤဇယား၏ အမှတ်စဉ် ၁ နှင့် ၃ တို့အတွက် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏကို သတ်မှတ်နိုင်သည်။

ထို့အပြင် အစိုးရသည် ဤဇယား၏ အမှတ်စဉ် ၄ အတွက် ရောင်းရငွေ ပမာဏမများပြားသော လုပ်ငန်းများအပေါ် လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။